Funded by:

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းဆရာလမ်းညွှန်



Source: VSO Image library

# သင်ရိုးပိုင်း ၅ -

# အပြုသဘောဆောင်သည့်

# သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း

Implemented by:

# သင်ရိုးပိုင်း ၅ - အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင် တစ်ရပ် ဖန်တီးခြင်း

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ ဖန်တီးနိုင်ကြောင်း ကြည့်ရှုလေ့လာသည့် **သင်ရိုးပိုင်း ၁၅ ခုမှ ပဉ္စမပိုင်း**ဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်များသည် ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများနှင့် ပညာရေးကိုလေ့လာသင်ယူနေသူများအတွက် ဖြစ်ပါသည်။ ကျောင်းသူ/သားနှင့် သင်ယူသူဟူသော ဝေါဟာရများကို သင်ရိုးပိုင်းတစ်လျှောက် လဲလှယ်သုံးစွဲသွားပါမည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| **၅** | **အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း** |
| ၆ | ထိရောက်စွာ မေးခွန်းများမေးခြင်းနှင့် ပြန်လည်သုံးသပ်မှုပေးခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်းထံမှသင်ယူခြင်း၊ ပါဝင်ကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သင်ယူခြင်း |
| ၉ | ကျောင်းသူ/သားတို့၏ စိတ်ခံစားချက်နှင့် လူမှုကိစ္စတွင် သာစေမာစေရေး ပံ့ပိုးပေးခြင်း |
| ၁၀ | မြန်မာနိုင်ငံ အားလုံးအကျုံးဝင်မှုဆိုင်ရာ ဥပဒေမူဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | တစ်ဦးချင်းစီ၏လိုအပ်ချက်များကို ဖြည့်ဆီးခြင်းဖြင့် ကျောင်းသူ/သားအားလုံးကို ပံ့ပိုးခြင်း |
| ၁၂ | ကျောင်းသူ/သားတို့ တွေ့ကြုံရသည့်အခက်အခဲများကို တိတိကျကျဖော်ထုတ်ခြင်း |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မသန်စွမ်းသော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အမူအကျင့်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူ/သားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |

## သင်ယူမှုဂျာနယ်

သင်ယူမှုဂျာနယ်ရှိကြောင်း၊ သင်ရိုးပိုင်းအတွက် မည်သို့ရည်ရွယ်အသုံးပြုကြောင်း သင်တန်းသူ/သားအားလုံး သတိမူမိ ကြပါစေ။ သင်တန်းသူ/သားစာအုပ်မှ ဂျာနယ်ကို အကောင်းဆုံးပြီးအောင်ရေးနည်းအကြံပြုချက်ကို ထောက်ပြပါ။ လုပ်ဆောင်ချက်အဖြေ အားလုံး ဂျာနယ်တွင်းရေးထားရပါမည်။ ပြန်လှန်သုံးသပ်မှုသည် သင်ယူမှုဖြစ်စဉ်၏ အရေးကြီးသောအပိုင်းတစ်ခုဖြစ်ကြောင်း၊

လုပ်အပ်သည့် လုပ်ဆောင်ချက် တစ်ခုဖြစ်ကြောင်း သတိချပ်ပါ။ သင်ရိုးပိုင်းတစ်လျှောက်လေ့လာရင်း စိတ်ဝင်စားဖွယ် စကားလုံး၊ စကားစု၊ ဝေါဟာရသစ်များကို သင်တန်းသားများ မှတ်သားကြပါစေ။

## လေ့လာနည်းအကြံပြုချက်

သင်ရိုးပိုင်းကို မည်ကဲ့သို့ပြီးအောင်လုပ်ရမည်ဖြစ်ကြောင်း ရှင်းပြရန်အရေးကြီးပါသည်။ သင်တန်းသူ/သားများမှ အချိန်ယူပြီး သင့်တော်သည့် အချိန်ဇယားတစ်ခုဆွဲကာ ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ရန်လိုပါသည်။ တွေးတော/တွဲဖက်/ဝေမျှသည့် think/pair/share နည်းလမ်းသည် သင်တန်းသူ/သားများ ပူးပေါင်းဆောင်ရွက်ရန်၊ အတွေးအမြင်ဖလှယ်ရန်၊ မေးခွန်းမေးရန်၊ လုပ်ထားသည်များစစ်ဆေးရန်နှင့် တုံ့ပြန်ဖြေကြားရန်နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

## အားလုံးအကျုံးဝင် သင်ကြားရေးအလေ့အကျင့် CPD သင်ရိုးပိုင်း နောက်ခံအကြောင်း

သင်ရိုးပိုင်းများတွင် ပညာရေးအခင်းအကျင်းအားလုံးတွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုကို ထင်ဟပ်သည့် အားလုံးအကျုံးဝင်မှု၊ ကျား/မသာတူညီမျှမှုနှင့် ၂၁ ရာစုကျွမ်းကျင်မှုဟူသော အဓိကအကြောင်းအရာ ၃ ခု ပါရှိပါသည်။ ဤအကြောင်းအရာများသည် သင်ရိုးညွှန်းတမ်းနယ်ပယ်အားလုံးတွင် အဓိကကျပြီး မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုအတွက်သာမက ကမ္ဘာ့အနာဂတ်အတွက်လည်း ပဓာန ကျလျက်ရှိပါသည်။

ဤသင်တန်းကို သင်တန်းသူ/သားများမှ သင်ကြားရေးဆိုင်ရာ၊ ကျောင်းသူ/သားများ၏သင်ယူမှုနှင့် ၎င်းတို့ကောလိပ် (သို့) ကျောင်းတို့၏ အကျုံးဝင်မှုအပေါ်သက်ရောက်မှုဆိုင်ရာ ၎င်းတို့၏ **ယုံကြည်ချက်နှင့် သဘောထားများ**ကို စိန်ခေါ်ခြင်းဖြင့် စိတ်ဝင်တစား ပါဝင်ဆွေးနွေးနိုင်အောင် စီစဉ်ရေးဆွဲထားပါသည်။ သင်တန်းဆရာ/မတစ်ဦးအနေဖြင့် သင်ရိုးပိုင်းတစ်လျှောက် တက်ရောက်သူများ၏ ယုံကြည်ချက်နှင့်သဘောထားများကို စိန်ခေါ်နိုင်မည်ဟု မျှော်လင့် ပါသည်။

သင်တန်းဆရာ/မအနေဖြင့် သင်တန်းအတွင်း အားလုံးအကျုံးဝင်မှုဆိုင်ရာ သင်ကြားရေးနည်းစနစ် အတော်များများကို ထည့်သွင်း အသုံးပြုရန်လည်း အရေးကြီးပါသည်။ တက်ရောက်သူများသည် ၎င်းတို့၏ စွမ်းရည်၊ စိတ်ဝင်စားမှုနှင့် ကျွမ်းကျင်မှုတို့ကို ထောက်လျှက် ၎င်းတို့လုပ်နိုင်သည့်နှုန်းဖြင့် လုပ်ကြပါစေ။

သင်ရိုးပိုင်းများတွင် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်များ မည်ကဲ့သို့ ဖန်တီးကြောင်း ကြည့်ကြပါမည်။ အားလုံး အကျုံးဝင် သင်ကြားမှုအလေ့အကျင့်ဖြင့် ကျား/မသာတူညီမျှမှုကို ပံ့ပိုးပုံ၊ ၂၁ ရာစုကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြား တွေးခေါ်မှု၊ ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို အားပေးကြောင်း တွေ့ရပါမည်။

သင်ရိုးပိုင်းတစ်ခုချင်းတွင် သင်တန်းသူ/သားများ မိမိတို့ကြိုက်သည့် အမြန်နှုန်းဖြင့် လုပ်နိုင်သည့် လုပ်ဆောင်ချက်များ အစဉ်လိုက် ပါဝင်ပါသည်။ သင်ရိုးပိုင်းကိုလုပ်ပြီးလျှင် ပေးထားသောအဖြေများမှ အဖြေမှန်ရွေးသည့် ပဟေဠိတစ်ခုကို ဖြေရပါမည်။

## သင်ရိုးပိုင်း ၅ - သင်ယူမှုရလဒ်များ

| **ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။** |
| --- |
| **၁. အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်၏ အခြေခံအကြောင်းအချက်များကို ဖော်ထုတ်ပြီး သုံးသပ်အကဲဖြတ်ခြင်း** |
| **၂. ကျောင်းသူ/သားအားလုံး ပါဝင်နိုင်အောင် နည်းဗျူဟာများ ဖော်ထုတ်ပြီးရှင်းပြခြင်း** |
| **၃. အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ကို ဖန်တီးရာတွင် ဆရာ/မတို့၏ဩဇာကို ဆွေးနွေးခြင်း** |
| **၄. သင်ယူသူအားလုံးအတွက် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ကို ဖန်တီးရန် အစီအစဉ်ဆွဲခြင်း** |

ပြီးခဲ့သည့်သင်ရိုးပိုင်းတွင် မိမိအတန်း၌ သင်ယူသူတို့သင်ယူမှုအတွက် ၎င်းတို့ကိုယ်တိုင်တာဝန်ယူသည့်၊ အစဉ်အလာဆရာဗဟိုပြုချဉ်းကပ်မှုများနှင့်လည်း အလွန်ခြားနားသော သင်ယူသူဗဟိုပြုချဉ်းကပ်မှုများအသုံးပြုပုံ အသိပညာကိုမိတ်ဆက်ခဲ့ပြီ။ အစဉ်အလာ ဆရာဗဟိုပြုချဉ်းကပ်မှုနှင့် သင်ယူသူအားလုံးအတွက် ၂၁ ရာစု ကျွမ်းကျင်မှုများဖွံ့ဖြိုးရေး ဖော်ဆောင်ပေးနိုင်မည့် ခေတ်သစ်စာသင်ခန်းတွင် သင်ကြားပုံတို့၏ ခြားနားပုံအကြောင်း စူးစမ်းလေ့လာခဲ့ပြီ။ သင်ယူသူအားလုံး ထိထိရောက်ရောက် ပါဝင်၍ပူးပေါင်းလုပ်ဆောင်စေရန် အုပ်စုများစီမံခန့်ခွဲနည်းအား အသုံးပြုပုံကိုလည်း သုံးသပ်ခဲ့ပြီ။

ယခင်အားလုံးအကျုံးဝင်အလေ့အကျင့်နှင့် သင်ရိုးပိုင်းတို့အပေါ် အခြေပြုတည်ဆောက်ထားသော အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ် ဖန်တီးမည့် အတွေးအမြင်ကို ဤ**ပဥ္စမသင်ရိုးပိုင်း**မှ မိတ်ဆက်ပေးပါသည်။ ကျောင်းနှင့် စာသင်ခန်းသည် မည်မျှအပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖြစ်ကြောင်း သုံးသပ်ဆင်ခြင်ခြင်းဖြင့် သင်ယူသူအားလုံး ပါဝင်လုပ်ဆောင်မှုကို အားပေးခြင်းကိုလည်း ကြည့်ကြပါမည်။

## သင်ရိုးပိုင်း ၅ မှလုပ်ဆောင်ချက်များအတွက် နောက်ထပ်ညွှန်ကြားချက်များ

| **လုပ်ဆောင်ချက်** | **ထပ်မံစဉ်းစားဖွယ်အချက်များ** |
| --- | --- |
| ယခင်အသိပညာကို စစ်ဆေးအကဲဖြတ်ခြင်း | ပထမလုပ်ဆောင်ချက်မှာ သင်ရိုးပိုင်း ၃ အား ပြန်လှန်ဆန်းစစ်ခြင်းဖြစ်သည်။ ယခင် သင်ရိုးပိုင်းအကြောင်းအရာများကို သတိချပ်စေကာ ဤသင်ရိုးပိုင်းအတွက် ပြင်ဆင်ရာတွင် အရေးကြီးသည့် အချက်အလက်များကို ပြန်လည်အမှတ်ရစေပါသည်။ ပထမအကြိမ် လုပ်ဆောင်ပြီးလျှင် အဖြေစစ်ရန် သင်တန်းသားများအား ပထမသင်ရိုးပိုင်းကို ရည်ညွှန်းပါ။ သင်ရိုးပိုင်း ၄ တွင် သင်ယူခဲ့သည်များကို အသုံးပြုပုံအား ဆွေးနွေးပါ။ သင်ရိုးပိုင်း ၄ က သင်ယူမှုအပေါ် မည်ကဲ့သို့ သက်ရောက်ခဲ့ကြောင်း သင်တန်းသူ/သားတို့ကို မေးမြန်းပါ။ |
| နိဒါန်း | 'အပြုသဘောဆောင်သင်ယူမှုဝန်းကျင်'ကိုမည်ကဲ့သို့ နားလည်ကြောင်းမေးပါ။ သင်တန်းသားများအား အုပ်စုများဖွဲ့ပြီး စာရွက်ကြီးတစ်ရွက်၊ မင်တံတစ်ခုစီ ပေးပါ။ စာရွက်အလယ်ခေါင်တွင် 'အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်'ဟုရေးပြီး ဘေးတွင် မျက်လုံး၊ နားနှင့် လက်တစ်ဖက်ဆွဲခိုင်းပါ။ အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်၏ အသွင်၊ အသံနှင့် |

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| | ခံစားချက်အကြောင်း ဆွေးနွေးကြပါစေ။ ဆိုင်ရာရုပ်ပုံအောက်တွင် ၎င်းတို့ အတွေးအမြင်များ ရေးကာ အတန်းကို ပြန်လည်တင်ပြရန်ဖြစ်ပါသည်။ |
| ၁.၁ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း | အချို့သင်တန်းသူ/သားများ မိမိကိုယ်မိမိစစ်ဆေးရာတွင် ရိုးရိုးသားသားဖြေရန် အားပေးမှု လိုအပ်နိုင်ပါသည်။ ၎င်းတို့၏ နားလည်မှုနှင့် ယုံကြည်စိတ်ချမှုတို့ အချိန်နှင့်အမျှ ဆက်လက်ဖွံ့ဖြိုးမည် ဖြစ်ကြောင်း ပြောပြပါ။ ဤစစ်ဆေးအကဲဖြတ်မှုရလဒ်ကို သင်ရိုးပိုင်း ၅ အဆုံးသတ်စစ်ဆေးမှုနှင့် နှိုင်းယှဉ်ခြင်းဖြင့် သင်တန်းသူ/သားများ ၎င်းတို့၏သင်ယူမှုအား နှိုင်းယှဉ်သုံးသပ်နိုင်ပါမည်။ |
| လုပ်ဆောင်ချက် ၅.၁ – အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင် အဓိပ္ပါယ်ဖွင့်ဆိုချက် | ဤအပိုင်းကို မဖတ်မီ သင်တန်းသူ/သားများအား အဓိပ္ပါယ်တူစကားလုံးစာရင်းကို ပြုစုစေနိုင်ပါသည်။ နှစ်ယောက်တွဲပြီး စကားလုံးတစ်လုံးချင်းအတွက် ၎င်းတို့ကိုယ်ပိုင် ဖော်ပြ/ဖွင့်ဆိုချက်ပေးကြရန်။ အခြားသူများ တုံ့ပြန်ဖြေကြားကြသည်ကို နားထောင်ရင်း ၎င်းတို့ဖွင့်ဆိုချက်ကို ပြုပြင်နိုင်ပါသည်။ သင်တန်းသားလမ်းညွှန်တွင် ပါရှိသည့် ဖွင့်ဆိုချက်များကို ဖတ်စေပြီး သင်ယူမှုဂျာနယ်တွင် ၎င်းတို့ကိုယ်တိုင်ရေးထားသည့် ဖွင့်ဆိုချက်များကို မှတ်သားကြရန်။<br><br>နောက်ထပ်ဆွေးနွေးဖွယ်များကို သင်တန်းသားလမ်းညွှန်စာအုပ်တွင် ကြည့်ပါ။ |
| လုပ်ဆောင်ချက် ၅.၂ ဖြစ်ရပ်လေ့လာချက် - နှင်းနွေး၏ ခံစားချက်များ | ဖြစ်ရပ်လေ့လာချက်တစ်ခုကိုဖတ်စေပြီး သင်တန်းသူ/သားများအား ထိုအနေအထားရှိကျောင်းသူ/သားတစ်ဦးအဖြစ် စိတ်ကူးကြပါစေ။ ၎င်းတို့အနေဖြင့် ဆရာ/မကို ဆက်မလုပ်စေလိုတော့သည့်အရာနှင့် ၎င်းတို့ခံစားရပုံကို ဖော်ပြစေပါ။ သင်တန်းသူ/သားများသည် ၎င်းတို့၏ကိုယ်တိုင်အတွေ့အကြုံများကို ဝေမျှလိုပြီး ခံစားချက်များနှင့် ၎င်းတို့၏သင်ယူမှုအပေါ် သက်ရောက်မှုကို ဖော်ပြရန် လိုလားနိုင်ပါသည်။ |
| လုပ်ဆောင်ချက် ၅.၃ - အပြုသဘောဆောင်သည့် အပြန်အလှန်ဆက်ဆံမှု အရေးပါပုံ | သင်ရိုးပိုင်း ၁ ရှိ အားလုံးအကျုံးဝင် ဆရာ/မအကြောင်း၊ ကျောင်းသူ/သားများနှင့် အပြုသဘောဆောင်သည့် ဆက်ဆံရေးလိုအပ်ချက်အားစူးစိုက်သည့် သင်ရိုးပိုင်း ၂ ရှိ သင်ယူသူများကို သိရှိခြင်း၏ အရေးပါပုံတို့ကို သင်တန်းသူ/သားတို့ ပြန်လည်သုံးသပ်ရာတွင် ပံ့ပိုးပေးပါ။ ကျောင်းသူ/သားများ ကျောင်းတက်သည့်အတွေ့အကြုံက အဘယ်ကြောင့် အပြုသဘောဆောင်ရန် အရေးကြီးကြောင်းမေးမြန်းပါ။ သင်တန်းသူ/သားများအား ၎င်းတို့မိသားစုဝင်များ၏ အတွေ့အကြုံနှင့် ကြိုက်/မကြိုက်သည့်အရာများကိုလည်း တွေ့ဆုံမေးမြန်းစေနိုင်ပါသည်။ 'နှစ်သက်မှု'များက လူအများနှင့် ဆက်စပ်မှုရှိမရှိ၊ ကျောင်းသူ/သားများ ခံစားရပုံတို့ကို သတိချပ်ပါ။<br><br>အတန်းမစမီ ဗီဒီယိုကြည့်ပြီး ဆွေးနွေးကြပါစေ။ သက်ရောက်မှုအကြောင်း ဆွေးနွေးရန် သင်တန်းသားစာအုပ်တွင် ပေးထားသည့်အဆိုများကို တစ်ဦးချင်းအား ကြည့်စေနိုင်ပါသည်။ အတန်းအပြီး သုံးသပ်ချိန်ရသောအခါ တစ်ဦးချင်းလုပ်ဆောင်နိုင်သည့် လုပ်ဆောင်ချက်ကော်လံ ၃ ရှိ ပြန်လည်သုံးသပ်မှုကို သင်တန်းသူ/သားတို့ ပျော်မွေ့ကောင်း ပျော်မွေ့နိုင်ပါမည်။ |
| ၂.၄.၁ သက်ဆိုင်မှုကို ခံစားရခြင်း | တြိဂံရှိအဆိုများကိုပေးပြီး လူသားအတွက်အကြီးမားဆုံးလိုအပ်ချက်ကို အောက်ခြေမှာထားစေကာ အနိမ့်ဆုံးမှ အမြင့်ဆုံးထိ အဆင့်ဆင့်စီကြပါစေ။ သင်တန်းသူ/သားများအား တစ်ခုချင်း၏အဓိပ္ပါယ်အပေါ် ထင်မြင်ချက်ကိုဆွေးနွေးစေပြီး ဥပမာများပေးခိုင်းကာ ၎င်းတို့ သင်ကြားသည့်ကျောင်းသူ/သားများနှင့် ဆက်စပ်စေပါ။ 'မိမိနှင့်သက်ဆိုင်မှု' ခံစားချက် |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| | အကြောင်း ပြောပြပြီး ပညာရေးအခင်းအကျင်းတွင် ကျောင်းသူ/သားများ စိတ်လုံခြုံစေရန် အရေးကြီးပုံကို ပြောပါ။ |
| လုပ်ဆောင်ချက် ၅.၄ - နေရာအချမှန်ခြင်း၏ အရေးကြီးပုံ | သမားရိုးကျ မြန်မာစာသင်ခန်းရုပ်ပုံများကို ကြည့်ပါ။ သို့မဟုတ် မိမိရောက်နေသည့် အခင်းအကျင်းအတွင်း လျှောက်ကြည့်ပါ။ ရှိသည့် နေရာနှင့်သင်ယူမှုအရင်းအမြစ်များ အကြောင်း သင်တန်းသူ/သားတို့ မှတ်ချက်ပေးကြပါစေ။<br><br>နေရာကို သင်ယူသူများ နေချင့်စဖွယ်ဖြစ်အောင် လုပ်နိုင်ပုံအကြံပြုချက်များကိုဆွေးနွေးပါ။ သင်တန်းသူ/သားများအား သင်ရိုးပိုင်း ၁ အားလုံးအကျုံးဝင်ကျောင်း/စာသင်ခန်းဖြစ်ပုံနှင့် သင်ယူမှုဂျာနယ်မှ မှတ်စုများကို ပြန်ကြည့်စေပါ။ သင်တန်းသားစာအုပ်မှ အကြံပြုချက်များကို ဆွေးနွေးကြပါစေ။ ၎င်းတို့ တွေ့ကြုံနိုင်သည့် စိန်ခေါ်မှုများအကြောင်း မေးမြန်းကာ ထိုစိန်ခေါ်မှုများ ကျော်လွှားနိုင်ပုံကိုလည်း အုပ်စုဖွဲ့ဆွေးနွေးစေနိုင်ပါသည်။ |
| လုပ်ဆောင်ချက် ၅.၅ - ပုံမှန်လုပ်ငန်းများ ချမှတ်ခြင်း | 'ပုံမှန်လုပ်ငန်းများ'ကိုရေးပါ။ သင်တန်းသူ/သားတို့ ၎င်းတို့အနေအထားရှိ ပုံမှန်လုပ်ငန်းများ အကြောင်း တစ်မိနစ်တွေးကြပါစေ။ အသုံးဝင်လျှင် မှတ်စုရေးနိုင်ပါသည်။ တစ်မိနစ်ကြာသော အခါ မိမိတို့၏ပုံမှန်လုပ်ငန်းများနှင့် ယင်းတို့သင်ယူမှုဝန်းကျင်အပေါ် သက်ရောက်မှုတို့ကို နှစ်ယောက်တွဲ ဆွေးနွေးကြရန်။ မိမိ၏သင်တန်းဖော်သည် မိမိအတွက်အသုံးဝင်မည့် ပုံမှန်လုပ်ငန်းများသုံးပါသလား။ မိမိ၏လုပ်ဖော်ကိုင်ဖက်တစ်ဦးသည် မိမိသုံးလိုသည့် ပုံမှန်လုပ်ငန်းများ လုပ်နေသည်ကိုတွေ့ဖူးပါသလား။ မည်သို့စတင်လုပ်ကိုင်ပါမည်နည်း။ |
| လုပ်ဆောင်ချက် ၅.၆ - သင်ယူမှုဝန်းကျင်ကို ပိုမိုကောင်းမွန်တိုးတက်စေနိုင်ပုံ | သင်တန်းသားစာအုပ်တွင် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ကို ပံ့ပိုးနိုင်သည့် စိတ်ကူးစိတ်သန်းများ ပေးထားပါသည်။ ယင်းတို့ကို ပုံမှန်လုပ်ငန်းများ၊ အပြန်အလှန် ဆက်ဆံမှုနှင့် ရုပ်ပတ်ဝန်းကျင်ဟူ၍ ခွဲခြားရန်ဖြစ်ပါသည်။ လုပ်ဆောင်ချက်ကို မည်သို့ လုပ်လိုကြောင်းမေးပါ။ စာရွက်ကို ကော်လံ ၃ ခု ခွဲခြင်း၊ ပိုစတာဖြင့် မြင်သာအောင်ပြခြင်း၊ စာရင်းထဲတွင်ပါရှိသည့် အပြုသဘောဆောင် အခြင်းအရာအားလုံးကိုငုံမိသည့် စံပြပုံစံတစ်ခု ဖန်တီးခြင်းတို့ လုပ်ဆောင်နိုင်ပါသည်။ ၎င်းတို့ကိုယ်ပိုင် စိတ်ကူးစိတ်သန်းများကို ထပ်ထည့် စေပြီး စိတ်ဝင်စားဖွယ်နည်းဖြင့် တင်ပြကြပါစေ။ |
| လုပ်ဆောင်ချက် ၅.၇ - အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင် ဖြစ်ရပ်လေ့လာချက် | အပြုသဘောဆောင် သင်ယူမှုဝန်းကျင်အတွက် စိတ်ကူးစိတ်သန်းများကို အကြံပြုသည့် ဖြစ်ရပ်လေ့လာချက်တစ်ခုကို သင်တန်းသူ/သားများအား ပေးထားပါသည်။ သင်တန်းသူ/သား များအား လေ့လာချက်ကိုဖတ်စေပြီး ယင်းတွင်ပါရှိသော ဆရာ/မက ကျောင်းသူ/သား**အားလုံး** အတွက် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ် အားထုတ်ဖန်တီးပုံကို တွေးကြ ပါစေ။<br><br>လေ့လာချက်မှ အဓိကစကားလုံးများကို သင်တန်းသူ/သားများ ဖော်ထုတ်ပြီးလျှင် သင်ယူမှု ဂျာနယ်တွင် ရေးကြပါမည်။ ယခင်လုပ်ဆောင်ချက်နှင့် ပြန်ချိတ်ပြီး အတန်းတွင်း ပုံမှန် လုပ်ငန်းများ၊ ရုပ်ပတ်ဝန်းကျင်နှင့်အရင်းအမြစ်များ၊ အပြန်အလှန်ဆက်ဆံမှုဟူ၍ အမျိုးအစား ၃ ခု ခွဲခြားကြပါမည်။ |
| လုပ်ဆောင်ချက် ၅.၈ - အပြုသဘောဆောင်သည့် | မိမိတို့အတန်းအတွင်း အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင် ဖော်ဆောင်ရန် လိုအပ် ချက်များကို စဉ်းစားစေမည့်လုပ်ဆောင်ချက်ဖြစ်ပါသည်။ သင်ယူမှုဂျာနယ်တွင် စာသင်ခန်းပုံ ဆွဲထားသည့် သင်ရိုးပိုင်း ၁ (လုပ်ဆောင်ချက် ၁.၈ - အားလုံးအကျုံးဝင်စာသင်ခန်း) အကြောင်း |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| သင်ယူမှုဝန်းကျင် ဖန်တီးရန် ကြံဆခြင်း | ပြန်တွေးချိန်ပေးပါ။ ဤသင်ရိုးပိုင်းတစ်လျှောက် ဆွေးနွေးခဲ့သည့် စာသင်ခန်းကိုပိုမို အပြုသဘောလည်းဆောင်စေ၊ အားလုံးလည်းအကျုံးဝင်စေမည့် အချက်များထပ်ထည့်ပြီး ပုံကို စိတ်ကြိုက်ထပ်ဆွဲကြပါစေ။<br><br>အားလုံးအကျုံးဝင်အလေ့အကျင့်နှင့် မိမိတပည့်များ၏ လိုအပ်ချက်အမျိုးမျိုးအအကြောင်းကို ပြန်တွေးစေပါ။ အပြုသဘောဆောင်သည့် ဝန်းကျင်တွင် သင်ယူသူများ မြင်ရ၊ ကြားရ၊ အနံ့ရ၊ ခံစားရသည်များကို ယခင်ရေးခဲ့သည့်မှတ်စုများကိုကြည့်ပြီး စဉ်းစားပါ။ |
| နိဂုံး | သင်ရိုးပိုင်းနှင့် အဓိကအချက်များ စုစည်းခိုင်မာစေခြင်း - လုပ်ဆောင်ချက်မရှိပါ။ |
| သင်ရိုးပိုင်း ၅ အဆုံးသတ် ပဟေဠိ | သင်ရိုးပိုင်းကို သင်တန်းသူ/သားတို့ နားလည်မလည် စစ်ဆေးသော အဖြေမှန်ရွေးရသည့် မေးခွန်းလွှာဖြစ်ပါသည်။ မိမိကိုယ်မိမိစစ်ဆေးရန်နှင့် ရာနှုန်းပြည့် အဖြေမှန်ရအောင် လိုအပ်သလို ကြိမ်ရေများများ ဖြေဆိုရန် အားပေးပါ။ |
| သင်ရိုးပိုင်း ၅ အဆုံးသတ် ပဟေဠိ အဖြေ | ရာနှုန်းပြည့်မှန်သည့်တိုင်အောင် သင်တန်းသူ/သားတို့က မေးခွန်းများကို ပြန်လုပ်သင့် ပါသည်။ အချို့မေးခွန်းများမှ အဖြေတစ်ခုထက်ပိုရှိကြောင်း သတိပေးပါ။ |
| လုပ်ဆောင်ချက် ၅.၉ မိမိသင်ကြားရေး အလေ့အကျင့်ကို ပိုမိုတိုးတက် ကောင်းမွန်စေခြင်း | ဤလုပ်ဆောင်ချက်တွင် သင်တန်းသူ/သားများ စဉ်းစားစရာ အခင်းအကျင်းတစ်ခု ပေးထားပါသည်။ ဌာနမှူးပေးသည့်အဆိုနှစ်ခုကို ဖြည့်ရပါမည်။ သင်တန်းသူ/သားတို့အား သဏ္ဍာန်တူသရုပ်ဆောင်စေပြီး အတန်းတွင်ပြန်ပြောကြပါစေ။ ၎င်းတို့တုံ့ပြန်ဖြေကြားစဉ် မိမိကိုယ်ကို မည်မျှယုံကြည်စိတ်ချသည်ဟု ခံစားရကြောင်း မေးပါ။ သင်ယူမှုဂျာနယ်တွင် မှတ်စုရေးကြပါစေ။ |
| မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း | မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်းက ပထမစစ်ဆေးအကဲဖြတ်မှုအတိုင်း ဖြစ်ပါသည်။ သင်တန်းသူ/သားများ မိမိကိုယ်ကိုယုံကြည်စိတ်ချမှုကို ပြန်လည်သုံးသပ်ပြီး အမှတ်ချင်းနှိုင်းယှဉ်ကြည့်ကြပါစေ။ |
| ပဋ္ဌမကတိ | သင်ရိုးပိုင်း ၅ မှ သိရှိမှတ်သားသွားမည့် အချက်တစ်ချက်ကို သင်တန်းသူ/သားများအား စဉ်းစားစေပြီး မည်သည့်အရာကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း တပည့်များအား သင်တန်းသူ/သားများက ကတိကဝတ်ပြုကြပါစေ။ ထိုကတိအား သုံးသပ်အကဲဖြတ်စေပြီး (သီတင်းပတ်---ပတ်ပြီးနောက်) ပြောင်းလဲမှုများကို မှတ်သားစေပါ။ ပြောင်းလဲမှုက သင်ကြားသင်ယူမှုအပေါ် သက်ရောက်မှုနှင့် မိမိအနေဖြင့်ပိုမိုတိုးတက်ကောင်းမွန်ရန် မည်သို့ဆက်လက် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြန်လည်သုံးသပ်ကြပါစေ။ ဤအချက်သည် လက်တွေ့ လုပ်ဆောင်မှု သုတေသနစက်ဝန်း၏အစကိုထင်ဟပ်ပြီး နောက်သင်ရိုးပိုင်းများတွင် ဖွံ့ဖြိုးမှုအတွက် ဆင့်ပိုးတည်ဆောက်ရန် အစဉ်မပြတ်ဆက်လက်ရေးဆွဲသွားမည့် လုပ်ငန်းအစီအစဉ်တစ်ရပ်ကို ဖန်တီးစေနိုင်ပါမည်။ သင်တန်းသူ/သားများအား သင်ယူမှုဂျာနယ်တွင် 'ကတိများ'ဟူသည့် အပိုင်းတစ်ခု ထားကြရန် အားပေးပါ။။ စုစုပေါင်း ကတိ ၁၅ ခု ရှိပါမည်။ |

## သင်ရိုးပိုင်း ၅ အဆုံးသတ်ပဟေဠိ အဖြေ

အဖြေကို**စာလုံးအမည်းရင့်**ဖြင့် ပေးထားသည်။

မေးခွန်း ၁ - အောက်ပါတို့အနက် မည်သည်က အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ကိုကူညီဖန်တီးနိုင်ပါသနည်း။ (၃ ခု ရွေးချယ်ပါ)

**က) ကျောင်းသူ/သားများ လိုက်လုပ်နိုင်မည့် နေ့စဉ်ပုံမှန်လုပ်ငန်းများရှိခြင်း**

ခ) ၆ ပတ်လျှင်တစ်ကြိမ် ကျောင်းသူ/သားများ အလုပ်အပေါ် တုံ့ပြန်သုံးသပ်ခြင်း

ဂ) အခင်ဆုံး ကျောင်းသူ/သားများကို အမည်တပ်ခေါ်ခြင်း

**ဃ) အတန်းထဲအဝင် ကျောင်းသူ/သားတိုင်းကို နွေးထွေးစွာကြိုဆိုခြင်း**

င) အတန်းငြိမ်သက်ပြီး ကျောင်းသူ/သားကို တစ်နေရာတည်းတွင် ထိုင်စေခြင်း

**စ) ကျောင်းသူ/သားများ အမေးအဖြေလုပ်ရန်အားပေးခြင်း**

ရှင်းလင်းချက် - အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင် ဖန်တီးရာတွင် ကျောင်းနှင့်စာသင်ခန်း ပတ်ဝန်းကျင်သာမက ဆရာ/မနှင့် ကျောင်းသူ/သားများအကြား ကောင်းမွန်သည့်ဆက်ဆံရေးလည်းပါဝင်ပါသည်။ ပတ်ဝန်းကျင်ကို ကျောင်းသူ/သား အားလုံးအတွက် စိတ်ဝင်စားဖွယ်ကောင်းကာ လုံခြုံပြီး ပျော်ရွှင်စရာကောင်းအောင် သောက်ရေ၊ အပင်အစရှိသည့်သဘာဝ ပစ္စည်းများ၊ ကျောင်းသူ/သားများလက်ရာပြသထားခြင်းတို့ကို ထည့်သွင်းပြီး ၎င်းတို့အလုပ်လုပ်သည့်နေရာနှင့်လုပ်နည်းကို ပြုပြင်ပြောင်းလဲလွယ်အောင် ခွင့်ပြုခြင်းတို့ဖြင့်လုပ်ဆောင်နိုင်ပါသည်။ ထို့အပြင် ဆရာ/မနှင့် ကျောင်းသူ/သားများအကြား ကောင်းမွန်သည့်ဆက်ဆံရေးသည် ကျောင်းသူ/သားကို တန်ဖိုးထားကြိုဆိုရာရောက်သောကြောင့် ကျောင်းတက်ချင်ပါမည်။

မေးခွန်း ၂ - မည်သည့်ပုံမှန်လုပ်ငန်းက အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို ကူညီဖန်တီးနိုင်ပါသနည်း။ (၂ ခု ရွေးပါ)

**က) မနက်တိုင်း သင်ယူသူများအား အတန်းတွင်းငြိမ်ငြိမ်သက်သက်ဝင်ရောက်စေခြင်း။ အခြားသင်ယူသူတို့ ရောက်အလာ သင်ပုန်းပေါ်တွင် လုပ်စရာတစ်ခုကို စလုပ်ထားကြပါမည်။**

ခ) အတန်းအပြီး ကျောင်းသူ/သားအားလုံး အမြန်ထွက်လာကြသည်။ စားပွဲ ကုလားထိုင် ဝင်တိုက်မိပြီး အမြဲလိုလို တစ်ယောက်ယောက် အနာတရဖြစ်လေ့ရှိသည်။

ဂ) ဆရာ/မမှ လက်ထောင်ခိုင်းသည့်အခါ သင်ခန်းစာ ဆက်လုပ်နိုင်စေရန် ဖြေနေကျကလေးများကိုသာ ရွေးချယ်ပါသည်။ ထိုကလေးများက အဖြေကို အမြဲသိနေပုံရပါသည်။

**ဃ) ဆရာ/မက ကျောင်းသူ/သားများကို ပြုံးပြပြီး ၎င်းတို့သင်ယူမှုအတွက် အားပေးပါသည်။ သင်ခန်းစာအပြီး သင်ယူထားသမျှကို ပြန်လည်သုံးသပ်ချိန်ရမည်ဖြစ်ကြောင်း ကျောင်းသူ/သားများ သိကြသည်။**

ရှင်းလင်းချက် - ပုံမှန်လုပ်ငန်းများကြောင့် ကြိုတင်သိရှိမှု၊ လုံခြုံမှုရှိပြီး ကျောင်းသူ/သားများ စိတ်ချလက်ချဖြစ်ပါမည်။ ထိရောက်သော ပုံမှန်လုပ်ငန်းများကြောင့် အပြုအမူပိုမိုကောင်းမွန်တိုးတက်ပြီး အချို့အလေ့အကျင့်များကို တည်ငြိမ်စွာ တစ်သမတ်တည်း ဆောင်ရွက်စေနိုင်ပါမည်။ တစ်နေ့တာကို တည်ငြိမ်စွာစတင်ပြီး အလုပ်လုပ်စေလျှင် ထိုနေ့အတွက် လုပ်ပုံကိုင်ပုံ သတ်မှတ်ပြီး ဖြစ်သည်။ သင်ယူမှုကို ပြန်လည်သုံးသပ်ရန် အခွင့်ရှိကြောင်း ကျောင်းသူ/သားများသိလျှင် သင်ခန်းစာ/သင်ယူမှုတို့ ဆက်တိုက်ဖြစ်ပေါ်နေကြောင်း၊ နောက်တစ်ကြိမ်ထပ်ကြိုးစားနိုင်ကြောင်း သိနိုင်ပါသည်။

မေးခွန်း ၃ - အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ကို ဖန်တီးရာတွင် အတန်းရှိနေရာကို ဆရာ/မတို့ မည်သို့ သုံးနိုင်ပါမည်နည်း။

**က) သန့်ရှင်းသပ်ရပ်ပြီး လင်းသော အလုပ်ပတ်ဝန်းကျင်ဖန်တီးခြင်း**

ခ) ကျောင်းသူ/သားများအိမ်မှ ပစ္စည်းများစွာ ယူလာစေခြင်း

ဂ) စျေးချိုသည့် စာအုပ်နှင့်ပစ္စည်းများကိုသာ ကျောင်းသူ/သားများကို သုံးခွင့်ပေးခြင်း

ဃ) ချစ်စရာတိရစ္ဆာန်ပိုစတာများစွာ ကပ်ထားခြင်း

ရှင်းလင်းချက် - ကျောင်းသူ/သားများတိုင်း အိမ်မှပစ္စည်းယူလာနိုင်မည်မဟုတ်သောကြောင့် တရားမျှတမည် မဟုတ်သလို တိရစ္ဆာန်ပိုစတာများက ချစ်စရာကောင်းသော်လည်း သင်ယူမှုအပေါ်သက်ရောက်မှုကို ဆရာ/မတို့ သုံးသပ်ရပါမည်။ အရင်းအမြစ်များကို မည်သို့အသုံးပြုပြီးအလေးထားရမည်ကို ပြသလျှင် ကျောင်းသူ/သားများသည် ယင်းတို့ကိုဂရုစိုက်မည်ဖြစ်သည်။ စာအုပ်ဟောင်းများ၊ ပစည်းဟောင်းများကိုသာ သုံးခွင့်ပေးလျှင် သူတို့ကိုယုံကြည်ပြီး ကျောင်းကပံ့ပိုးပေးသော အကောင်းဆုံးပစ္စည်းများကိုသုံးနိုင်ကြောင်းဆိုသည့် မှန်ကန်သည့်ဆိုလိုရင်းကို သူတို့အားမသိစေနိုင်ပါ။ အလင်းရောင်ရသည့် နေရာအများစုကို ကျောင်းသူ/သားများ လေ့လာသင်ယူရန် သန့်ရှင်းရေးလုပ်ကာ စီစဉ်နိုင်ပါသည်။

မေးခွန်း ၄ - အောက်ပါတို့အနက် မည်သည်က အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ကို ဖော်ပြပါသနည်း။

က) သင်ယူသူတိုင်း အစမ်းစာမေးပွဲကောင်းကောင်းဖြေနိုင်သည့် စာသင်ခန်း

ခ) သင်ယူသူတိုင်း အမြဲတမ်းပျော်ရွှင်သည့် စာသင်ခန်း

**ဂ) မိမိနှင့်သက်ဆိုင်သည်ဟု သင်ယူသူတိုင်းခံစားရသည့် စာသင်ခန်း**

ဃ) သင်ယူသူတို့ အမြဲတိတ်ဆိတ်နေသည့် စာသင်ခန်း

ရှင်းလင်းချက် - အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တွင် (ဆရာ/မအပါအဝင်) လူတိုင်းအကောင်းမြင်ပြီး အမြဲတမ်းပြုံးနေရမည်ဟု မဆိုလိုပါ။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းသူ/သားအားလုံး အမြဲတမ်း စာမေးပွဲကောင်းကောင်းဖြေနိုင်မည် မဟုတ်ပါ။ အတန်းတွင်းတွင် ၎င်းတို့ကို တန်ဖိုးထားပြီးကြိုဆိုကြောင်း ကျောင်းသူ/သားများ ခံစားကြရန် အရေးကြီးပါသည်။ အတန်းသည် ရံဖန်ရံခါ တိတ်ဆိတ်နိုင်သော်လည်း အချို့အချိန်တွင် ကျောင်းသူ/သားများ အုပ်စုဖွဲ့လုပ်ဆောင်ကာ (သင်ရိုးပိုင်း ၄) ၎င်းတို့စာကို ဆွေးနွေးကောင်းဆွေးနွေးကြပါမည်။

မေးခွန်း ၅ - အားလုံးအကျုံးဝင်ပြီး အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တွင် ကျောင်းသူ/သားများ၏ မတူကွဲပြားမှုကို ...

က) လျစ်လျူရှုထားသည်

ခ) အပြစ်ပေးသည်

ဂ) အားမပေးပါ

**ဃ) တန်ဖိုးထားသည်**

ရှင်းလင်းချက် – ကျောင်းသူ/သားအားလုံး မည်သူမဆို ဆရာ/မက တန်ဖိုးထားရပါမည်။